# သမတအိမ်တော်၊ ရန်ကုန်မြို့။

# ၁၉၅၃ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

**[၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၄။]**

**၁၃၁၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်။**

**(၁၉၅၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁၉၅၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲ ဝေသုံးစွဲခြင်း။

၁။ ။ (၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခွန်တော်များမှ စုစုပေါင်း ကျပ်ငွေ ၁၄,၈၄,၈၁,၀၈၀ (ဤအက်ဥပဒေဇယားတွင် ဖေါ်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၃ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၁) အရ၊ ခွင့်ပြုထား သည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဦးဘဦး၊
နိုင်ငံတော်သမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၃၁၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်။
(၁၉၅၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမတကြီး၏အတွင်းဝန်။
[အမှတ် ၆၉]

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ဇယား အစိုးရဌာန။ ခွဲဝေသုံးစွဲသည့်ငွေ။